သတ်ဖြတ်ခံရမည်ကို စိုးရိမ်သော ကလေးစစ်သားတစ်ဦး နေရပ်ဒေသသို့ မပြန်ရဲ၊

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
မေလ ၂၄ ရက်၊ ၂၀၀၃ ခုနှစ်။

ယမန်နေ့က ဘုရားသုံးဆူနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခြင်းခံရသော အသက် ၁၆ နှစ်ရွယ် မိဘမဲ့ကလေး စစ်သားတစ်ဦးသည် မိမိအနေဖြင့် ရပ်ရွာဒေသသို့ ပြန်ပါက မိမိတပ်ရင်းအရာရှိများ၏ သတ်ဖြတ်ခြင်းခံရမည်ကို ကြောက်ရွံ့သောကြောင့် မပြန်ရဲကြောင်း ပြောပြခဲ့ပါသည်။

ကလေးစစ်သားမောင်စိုးမင်းသည် မိမိမြန်မာစစ်တပ် တပ်ရင်းအမှတ် (၁၀၁) တွင် နေစဉ်ကာလ ထမင်းစားမဝသည်ကို တိုင်တန်းမိသည်ကို တပ်ရင်းဗိုလ်ကြီးတစ်ဦးက မကျေနပ်သဖြင့် မိမိအား ချုပ်နှောင် ညှင်းဆဲခဲ့ကြောင်း၊ ထို့နောက် မြိတ်ဒေသ၌ စစ်ကြောင်းထွက်စဉ် မိမိထွက်ပြေးခဲ့ပြီး ထိုင်းနိုင်ငံအတွင်းသို့ ရောက်ရှိခဲ့ကြောင်း ပြောပြပါသည်။

ထိုင်းပုလိပ်များမှ ဖမ်းဆီးပြီးနောက် ထိုင်းနိုင်ငံအချုပ်ထဲတွင် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်သည့်အမှုဖြင့် တပတ်ခန့် အချုပ်ကျခံရပြီးနောက် ယခုကဲ့သို့ နယ်စပ်ဒေသသို့ ပြန်လည်ပို့ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

တပ်မတော်တွင် ကိုယ်ပိုင်နံပါတ် (၂၇၀၅၉၇) ရှိသော တပ်သားသည် ရောဝတီတိုင်း ပြင်ဝရွာ (ကျွန်းကလေး) မှ ဖြစ်ကြောင်း၊ မိဘနှစ်ပါး မရှိတော့သဖြင့် ဦးလေးအိမ်တွင် မှီခိုနေထိုင်ရပြီး၊ ဧရာဝတီတိုင်း စစ်သားစုဆောင်းရေးတပ်ရင်းအမှတ် (၉၃) မှ စည်းရုံးမှုကြောင့် စစ်တပ်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ပြောပြခဲ့ပါသည်။

ဘယ့်ကြောင့်မိမိနေရပ်သို့ မပြန်ချင်ပါသနည်းဟု မေးမြန်းသည့်အခါ တပ်သားစိုးမင်းက " ကျနော်က ရှေ့တန်းကနေ ထွက်ပြေးလာတာဖြစ်တယ်၊ ကျနော်တို့တပ်ထဲမှာ အမိန့်ထုတ်ထားက အကယ်လို့ ရှေ့တန်းက ထွက်ပြေးပြီး ပြန်ဖမ်းမိယင် သတ်ဖြတ်မယ်လို့ ပြောထားတယ်၊ ကျနော်လဲ ကြောက်ပါတယ်၊ ရွာပြန်ရင်လည်း မိဘလည်း မရှိတော့ဘူးဆိုတော့ ကျနော့်ဦးလေးနဲ့ အတူနေရမယ်၊ ဒါကြောင့် ကျနော်မပြန်ချင်တော့ဘူး"

--- --- စသဖြင့် မွန်သတင်းအေဂျင်စီ သတင်းထောက်အား ပြောကြားခဲ့ပါသည်။

တပ်သားစိုးမင်းသည် အဘဦးမောင်ဝင်း၊ အမိဒေါ်မြင့်ထွေးတို့မှ မွေးဖွားခဲ့ကာ မိဘနှစ်ပါး ဆုံးပါးပြီးနောက် ဦးလေးအိမ်တွင် သွားရောက်နေထိုင်ခဲ့ပြီး တပ်ရင်းအမှတ် (၉၃) မှ စစ်သားစုဆောင်းသည့်အခါ တပ်ထဲသို့ဝင်ရောက်ခဲ့သည်။

သထုံမြို့တွင် အခြေခံစစ်သင်တန်း တက်ရောက်ကာ မိမိတို့တပ်ဖွဲ့ အယောက် (၄၀) ခန့် တက်ရောက်သည့်အထဲတွင် (၁၆) ဦးမှာ မိမိအသက်အရွယ်နှင့် တူညီသော ကလေးများသာဖြစ်ကြောင်း တပ်သားစိုးမင်းက ပြောပြခဲ့သည်။ ထို့နောက် မိမိအား တနင်္သာရီတိုင်း အခြေစိုက် ခြေလျင်တပ်ရင်း (၁၀၁) သို့ ပို့လွှတ်ခဲ့သည်။ တပ်ရင်း (၁၀၁) တွင် နေထိုင်စဉ် မိမိထမင်းစားမဝသည်ကို တိုင်တန်းမိသောကြောင့် တပ်ရင်းဗိုလ်ကြီးစိုးနိုင်၏ ချုပ်နှောင်မှု၊ ညှင်းဆဲမှုကို ခံရသည်။

တပ်သားစိုးမင်းသည် သထုံမြို့တွင် (၄) လကြာ စစ်သင်တန်းတက်ပြီးနောက် တပ်ရင်း (၁၀၁) တွင် တလခန့်သာနေထိုင်ရပြီး ရှေ့တန်းစစ်မျက်နှာသို့ (၆)လ ပို့လွှတ်ခြင်း ခံရသည်။ တပ်သားတဦး၏ ပုံမှန်လစာသည် (၄၅၀၀) ကျပ်၊ ရှေ့တန်း ထွက်ပါက (၅၀၀၀) ကျပ်ရရှိမည်ဟု ပြောဆိုထားသော်လည်း တပ်သားစိုးမင်း လက်ခံရရှိသည် လစာမှာ (၅၀၀) ကျပ်မှ (၈၀၀) ကျပ်ခန့်သာရှိပြီး ကျန်ငွေများကို ဗိုလ်ကြီးစိုးနိုင်က ဖြတ်ယူခဲ့ကြောင်း၊ ၎င်းအပြင် ညှင်းဆဲမှုကိုလည်း ခံနေရသောကြောင့် မိမိတပ်မှ ထွက်ပြေးခဲ့ကြောင်း တပ်သားစိုးမင်းက ပြောပြခဲ့ပါသည်။